## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
## ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေ
( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၈/၉၆ )

၁၃၅၈ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်

( ၁၉၉၆ ခုနှစ် ၊ ဇူလိုင်လ ၂၉ ရက် )

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည် ။

### အခန်း ( ၁ )
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေဟု ခေါ်တွင်စေရမည် ။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် –

(က) **ရုပ်မြင်သံကြားဖမ်းစက်** ဆိုသည်မှာ ရုပ်မြင်သံကြားထုတ်လွှင့်ချက်ကို ဖမ်းယူနိုင်သော စက်ကို ဆိုသည်။

(ခ) **ဗီဒီယို** ဆိုသည်မှာ ရုပ်မြင်သံကြားဆိုင်ရာ နည်းပညာတစ်ရပ်ရပ်ဖြင့် ရုပ်ငြိမ်ကိုဖြစ်စေ၊ ရုပ်ပုံလှုပ်ရှားခြင်းကိုဖြစ်စေ ၊ ရုပ်ပုံနှင့်အသံကိုဖြစ်စေ ထွက်ပေါ်စေခြင်းကို ဆိုသည် ။

(ဂ) **ဗီဒီယိုဖွင့်စက်** ဆိုသည်မှာ ဗီဒီယိုထွက်ပေါ်စေရန် ဖွင့်နိုင်သော စက်ကိုဆိုသည် ။

(ဃ) **ဗီဒီယိုတိပ်ခွေ** ဆိုသည်မှာ ရုပ်ပုံနှင့်အသံကို ရိုက်ကူးထည့်သွင်းထားသော တိပ်ခွေ ၊ လေဆာ ပြား သို့မဟုတ် အလားတူပစ္စည်းကိရိယာကိုဆိုသည် ။ ယင်းစကားရပ်တွင် ဗီဒီယိုရိုက်ကူးချက်နှင့် ဗီဒီယိုကူးယူချက်များ လည်းပါဝင်သည် ။

(င) **လက်ဝယ်ထားရှိခွင့်လိုင်စင်** ဆိုသည်မှာ ရုပ်မြင်သံကြားဖမ်းစက်ကိုဖြစ်စေ ၊ ဗီဒီယိုဖွင့်စက် ကိုဖြစ်စေ အသုံးပြုရန် ဤဥပဒေအရ ထုတ်ပေးသည့် လက်ဝယ်ထားရှိခွင့်လိုင်စင်ကို ဆိုသည် ။

(စ) **ဗီဒီယိုလုပ်ငန်းလိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ဗီဒီယိုလုပ်ငန်းအမျိုးအစားတစ်ခုခုအတွက် ထုတ်ပေးသည့်လိုင်စင်ကိုဆိုသည်။

### အခန်း ( ၂ )
### ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ဗီဒီယိုလုပ်ငန်းအဆင့်အတန်း ခေတ်မီတိုးတက်မြင့်မားလာစေရန် ။

(ခ) နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း ၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးကို လည်းကောင်း အကျိုးပြုစေမည့် ဗီဒီယိုတိပ်ခွေများ ပေါ်ထွန်းလာစေရန်။

(ဂ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးကို အထောက်အကူဖြစ်စေ မည့် ဗီဒီယိုတိပ်ခွေများပေါ်ထွန်းလာစေရန် ။

(ဃ) မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့စရိုက်ကို ပျက်ပြားစေမည့် သရုပ်ပျက်ဗီဒီယိုတိပ်ခွေများကို တားမြစ်ပိတ်ပင်ရန် ။

(င) ဗီဒီယိုလုပ်ငန်းကို အကြောင်းပြု၍ ပေါ်ပေါက်လာသည့် မသမာမှုများကို ထိန်းသိမ်းတားဆီးရန် ။

### အခန်း ( ၃ )
### လက်ဝယ်ထားရှိခွင့်လိုင်စင်

၄။ ရုပ်မြင်သံကြားဖမ်းစက်ကိုဖြစ်စေ ၊ ဗီဒီယိုဖွင့်စက်ကိုဖြစ်စေ လက်ဝယ်ထားရှိအသုံးပြုသူသည် ယင်းစက်ကို ရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လက်ဝယ်ထားရှိခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့် အညီ သက်ဆိုင်ရာစာတိုက်သို့ လျှောက်ထားရမည်။

၅။ (က) လျှောက်ထားသူသည် အောက်ပါအခကြေးငွေများအနက် ပေးဆောင်ရန်ရှိသော အခကြေးငွေကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စာတိုက်သို့ ပေးဆောင်ရမည်–

( ၁ ) လက်ဝယ်ထားရှိခွင့်လိုင်စင်ခ၊
( ၂ ) ရက်လွန်ကြေး၊
( ၃ ) သက်တမ်းတိုးမြှင့်ခ ။
( ခ ) သက်ဆိုင်ရာစာတိုက်သည် သတ်မှတ်ထားသော အခကြေးငွေကို လက်ခံရရှိလျှင် လျှောက်ထားသူအား လက်ဝယ်ထားရှိခွင့်လိုင်စင် ထုတ်ပေးရမည် ။

၆။ လက်ဝယ်ထားရှိခွင့်လိုင်စင်သက်တမ်း ကုန်ဆုံးသဖြင့် သက်တမ်းတိုးမြှင့်လိုသူသည် သတ်မှတ်ထားသော အခကြေးငွေကို သက်ဆိုင်ရာစာတိုက်တွင် ပေးဆောင်ပြီး သက်တမ်းတိုးမြှင့်ရမည် ။

၇။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနသည် လက်ဝယ်ထားရှိခွင့် လိုင်စင်သက်တမ်း၊ လက်ဝယ်ထားရှိခွင့် လိုင်စင်ခ၊ ရက်လွန်ကြေးနှင့် သက်တမ်းတိုးမြှင့်ခတို့ကို သတ်မှတ်ရမည် ။

၈။ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် လက်ဝယ်ထားရှိလိုသူသည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာနက ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များ ပြည်ပမှတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ လိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်ခနှင့် လိုင်စင်စည်းကမ်းများ သတ်မှတ်ခြင်းတို့ နှင့် စပ်လျဉ်း၍ အခါအားလျော်စွာ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည် ။

## အခန်း ( ၄ )
## ဗီဒီယိုလုပ်ငန်းလိုင်စင်

၉။ အောက်ဖော်ပြပါ ဗီဒီယိုလုပ်ငန်းတစ်ခုခုကို စီးပွားရေးအလို့ငှာ လုပ်ကိုင်လိုသူသည် လုပ်ငန်းအမျိုး အစားတစ်ခုချင်း အတွက် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာပြည်နယ် ၊ တိုင်းဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ကော်မတီသို့ လျှောက်ထားရမည် –
(က) ဗီဒီယို ထုတ်လုပ်ခြင်း၊
( ခ ) ဗီဒီယို ရိုက်ကူးခြင်း၊
( ဂ ) ဗီဒီယို တည်းဖြတ်ခြင်း ၊
( ဃ) ဗီဒီယိုတိပ်ခွေ ကူးယူခြင်း၊
( င ) ဗီဒီယိုတိပ်ခွေ ဖြန့်ချိခြင်း ၊
( စ ) ဗီဒီယိုတိပ်ခွေ ငှားရမ်းခြင်း ၊
(ဆ) ဗီဒီယို ပြသခြင်း ။

၁၀။ သက်ဆိုင်ရာ ပြည်နယ် ၊ တိုင်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီသည် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်း ရှိမရှိ စိစစ်ပြီးနောက် –
(က) ညီညွတ်ပါက သတ်မှတ်ထားသော အခကြေးငွေလက်ခံရရှိလျှင် လျှောက်ထားသူအား သက်ဆိုင်ရာ ဗီဒီယိုလုပ်ငန်းလိုင်စင်ကို ထုတ်ပေးရမည်၊
( ခ ) မညီညွတ်ပါက ဗီဒီယိုလုပ်ငန်းလိုင်စင်ထုတ်ပေးရန် ငြင်းပယ်ရမည် ။

၁၁။ ဗီဒီယိုလုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးသဖြင့် သက်တမ်းတိုးမြှင့်လိုသူသည် သတ်မှတ်ချက် များနှင့်အညီ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်။

၁၂။ သက်ဆိုင်ရာ ပြည်နယ် ၊ တိုင်းဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီသည် လျှောက်ထားချက်ကို စိစစ်၍ သတ်မှတ်ထားသော အခကြေးငွေပေးဆောင်စေပြီး ဗီဒီယိုလုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးနိုင် သည် ။

၁၃။ ပြန်ကြားရေးဝန်ကြီးဌာနသည် ဗီဒီယိုလုပ်ငန်းလိုင်စင်သက်တမ်း ၊ ဗီဒီယိုလုပ်ငန်းလိုင်စင်ခ ၊ ရက်လွန် ကြေးနှင့် သက်တမ်းတိုးမြှင့်ခတို့ကို သတ်မှတ်ရမည် ။

၁၄။ မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် ဗီဒီယိုလုပ်ငန်းလိုင်စင် ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များကိုသတ်မှတ်ရမည် ။

၁၅။ ဗီဒီယိုလုပ်နင်းလိုင်စင်သက်တမ်းကုန်ဆုံးလျှင်ဖြစ်စေ ၊ ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ ၊ ဗီဒီယိုလုပ်ငန်း လိုင်စင်ရရှိသူက ပြန်လည်အပ်နှံလျှင်ဖြစ်စေ လုပ်ငန်းလိုင်စင် ပျက်ပြယ်သည် ။

## အခန်း ( ၅ )
## မီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ
## ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၆။ ပြန်ကြားရေးဝန်ကြီးဌာနသည် –

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော မီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီကို ဖွဲ့စည်း ရမည် –

| | | |
|---|---|---|
| (၁) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရုပ်ရှင်လုပ်ငန်း | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာအစိုးရဌာန ၊ အဖွဲ့အစည်းများမှ<br>ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၃) | သင့်လျော်သော နိုင်ငံသားများ | အဖွဲ့ဝင်များ |
| (၄) | ညွှန်ကြားရေးမှူး<br>မြန်မာ့ရုပ်ရှင်လုပ်ငန်း | အတွင်းရေးမှူး |

( ခ ) မီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ၏ သက်တမ်းကို သတ်မှတ်နိုင်သည် ။

( ဂ ) မီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည် ။

၁၇။ အစိုးရဝန်ထမ်းမဟုတ်သော မီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီဝင်သည် ပြန်ကြားရေး ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည် ။

၁၈။ မီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များ အောင်မြင်စေရန် မီဒီယိုလုပ်ငန်းများကိုကြီးကြပ်ကွပ်ကဲခြင်း။

( ခ ) ပြည်နယ် ၊ တိုင်း မီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း ။

( ဂ ) ပြည်နယ် ၊ တိုင်းမီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိပါက လိုအပ်သလိုအရေးယူဆောင်ရွက်ခြင်း ။

( ဃ ) ပြည်နယ် ၊ တိုင်းမီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ရန်လုပ်ငန်း တာဝန်များကို အခါအားလျော်စွာ ပေးအပ်ခြင်း ။

## အခန်း ( ၆ )
## ပြည်နယ် ၊ တိုင်း မီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ
## ဖွဲ့စည်းခြင်းနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၉။ ပြန်ကြားရေးဝန်ကြီးဌာနသည် –

(က) သက်ဆိုင်ရာ အစိုးရဌာန ၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များဖြင့် ပြည်နယ် ၊ တိုင်း မီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကိုဖွဲ့စည်းရမည် ။ ယင်းသို့ဖွဲ့စည်းရာတွင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့ကို သတ်မှတ်ရမည် ။

( ခ ) ပြည်နယ် ၊ တိုင်း မီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ၏ သက်တမ်းကို သတ်မှတ် နိုင်သည် ။

( ဂ ) ပြည်နယ် ၊ တိုင်း မီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်း နိုင်သည် ။

(ဃ) ပြည်နယ် ၊ တိုင်းတစ်ခုအတွင်း မီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ တစ်ရပ်ထက်ပို၍ ဖွဲ့စည်းရန် လိုအပ်ပါက ဖွဲ့စည်းနိုင်သည် ။

၂၀။ ပြည်နယ် ၊ တိုင်းမီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) မီဒီယိုလုပ်ငန်းလိုင်စင်လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်း ရှိမရှိ စိစစ်၍ မီဒီယိုလုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ။

( ခ ) မီဒီယိုလုပ်ငန်းကို စစ်ဆေးခြင်း ၊ ကြီးကြပ်ခြင်း ။

(ဂ) မြန်မာ့ရုပ်ရှင်လုပ်ငန်းက သတ်မှတ်ထားသည့် ဗီဒီယိုလုပ်ငန်းလိုင်စင် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သော ဗီဒီယိုလုပ်ငန်းလိုင်စင်ရရှိသူအား ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ချမှတ်ခြင်းအပြင် ဗီဒီယိုလုပ်ငန်းလိုင်စင်ကိုလည်း ရုပ်သိမ်းနိုင်ခြင်း ။

(ဃ) ပြန်ကြားရေးဝန်ကြီးဌာနကဖြစ်စေ ၊ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီက ဖြစ်စေ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း ။

၂၁။ ပြည်နယ် ၊ တိုင်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီသည် ခရိုင် သို့မဟုတ် မြို့နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကို လိုအပ်ပါက သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းနိုင်သည် ။ ထိုသို့ဖွဲ့စည်း ရာတွင် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည် ။

## အခန်း ( ၇ )

## ဗီဒီယိုဆင်ဆာအဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် –

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော ဗီဒီယိုဆင်ဆာအဖွဲ့ကို ဖွဲ့စည်းရမည် –

(၁) ဦးဆောင်ညွှန်ကြားရေးမှူး ဥက္ကဋ္ဌ
မြန်မာ့ရုပ်ရှင်လုပ်ငန်း

(၂) သက်ဆိုင်ရာအစိုးရဌာန ၊ အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ
ကိုယ်စားလှယ်များ

(၃) သင့်လျော်သော နိုင်ငံသားများ အဖွဲ့ဝင်များ

(၄) ညွှန်ကြားရေးမှူး အတွင်းရေးမှူး
မြန်မာ့ရုပ်ရှင်လုပ်ငန်း

(ခ) ဗီဒီယိုဆင်ဆာအဖွဲ့၏ သက်တမ်းကို သတ်မှတ်နိုင်သည် ။

(ဂ) ဗီဒီယိုဆင်ဆာအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည် ။

၂၃။ အစိုးရဝန်ထမ်းမဟုတ်သော ဗီဒီယိုဆင်ဆာအဖွဲ့ဝင်သည် ပြန်ကြားရေးဝန်ကြီးဌာနက သတ်မှတ် သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည် ။

၂၄။ ဗီဒီယိုဆင်ဆာအဖွဲ့သည် ရိုက်ကူးတင်ပြလာသော မြန်မာဗီဒီယိုတိပ်ခွေများကိုလည်းကောင်း ၊ ပြည်ပမှတင်သွင်း လာသော သို့မဟုတ် ယူဆောင်လာသော ဗီဒီယိုတိပ်ခွေများကိုလည်းကောင်း ဗီဒီယိုဆင်ဆာ လက်မှတ်လျှောက်ထားလာသည့်အခါ ယင်းဗီဒီယိုတိပ်ခွေကို ချမှတ်ထားသော မူဝါဒနှင့် ညီညွတ်ခြင်း ရှိမရှိ ကြည့်ရှုစစ်ဆေးပြီးနောက် –

(က) အများပြည်သူအား ပြသရန်ဖြစ်စေ ၊ မိသားစုကြည့်ရှုရန်ဖြစ်စေ ခွင့်ပြုနိုင်သည် ။

(ခ) ဗီဒီယိုတိပ်ခွေကို အများပြည်သူအား ပြသခွင့်မပြုဟု ပိတ်ပင်နိုင်သည် ။ ယင်းဗီဒီယိုတိပ်ခွေ ကို သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်းပြုနိုင်သည် ။

(ဂ) အများပြည်သူအား ပြသရန် သို့မဟုတ် မိသားစု ကြည့်ရှုရန် မသင့်သော ဗီဒီယိုတိပ်ခွေတွင် ပါရှိသည့် အစိတ်အပိုင်းကို ဖြတ်တောက်ခြင်း ၊ ပြုပြင်ခြင်း ၊ ဖျက်ခြင်းပြုလုပ်စေ၍ ပြသရန် သို့မဟုတ် ကြည့်ရှုရန်ခွင့်ပြုနိုင်သည် ။

(ဃ) ဗီဒီယိုတိပ်ခွေကို အများပြည်သူအား ပြသရန် သို့မဟုတ် မိသားစုကြည့်ရှုရန် ခွင့်ပြုလျှင် သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်စေ၍ ဗီဒီယိုဆင်ဆာလက်မှတ်ထုတ်ပေး ရမည် ။

၂၅။ (က) ဗီဒီယိုဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ဗီဒီယိုဆင်ဆာလက်မှတ်သည်ည မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သတ်မှတ်သည့် ကာလအပိုင်းအခြားအတွက် အတည်ဖြစ်စေရမည် ။

(ခ) ဗီဒီယိုဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ဗီဒီယိုဆင်ဆာလက်မှတ်ကို ဗီဒီယိုတိပ်ခွေတွင် ထည့်သွင်း ပြသရမည် ။ ထို့ပြင် ဗီဒီယိုဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုအမှတ်စဉ်ပါရှိ သော ဗီဒီယိုဆင်ဆာ လက်မှတ်အသေးကိုလည်းဗီဒီယိုတိပ်ခွေတွင် ကပ်ထားရမည် ။

၂၆။ ဗီဒီယိုဆင်ဆာအဖွဲ့သည် –

(က) ဗီဒီယိုတိပ်ခွေကြည့်ရှုစစ်ဆေးခြင်းအတွက် သတ်မှတ်ထားသော အခကြေးငွေကို သက်ဆိုင် သူထံမှ ကောက်ခံရယူရမည် ။

( ခ ) ဗီဒီယိုဆင်ဆာလက်မှတ်ထုတ်ပေးထားသော ဗီဒီယိုတိပ်ခွေကိုလိုအပ်လျှင်ထပ်မံကြည့်ရှုစစ်ဆေးနိုင်သည်။

( ဂ ) ခိုင်လုံသော အကြောင်းရှိလျှင် မည်သည့်ဗီဒီယိုဆင်ဆာလက်မှတ်ကိုမဆို ရုပ်သိမ်းနိုင်သည်။

၂၇။ ဗီဒီယိုဆင်ဆာအဖွဲ့သည် ပုဒ်မ ၂၄ ပုဒ်မခွဲ ( ခ ) သို့မဟုတ် ပုဒ်မခွဲ ( ဂ ) အရ မိမိချမှတ်သော ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မကျေနပ်သူက ပြန်ကြားရေးဝန်ကြီးဌာနသို့ အယူခံဝင်လျှင် အယူခံတွင် ချမှတ်သော အမိန့်အတိုင်း ဆောင်ရွက်စေရမည် ။ အယူခံမဝင်ပါက အယူခံကာလကုန်ဆုံးသောအခါ မိမိ၏ဆုံးဖြတ်ချက် အတိုင်း ဆောင်ရွက်စေရမည် ။

## အခန်း(၈)

## အယူခံခြင်း

၂၈။ ဗီဒီယိုဆင်ဆာအဖွဲ့ ၊ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ သို့မဟုတ် ပြည်နယ် ၊ တိုင်းဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီရ အမိန့်ကိုဖြစ်စေ ၊ ဆုံးဖြတ်ချက် ကိုဖြစ်စေ မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ် ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြန်ကြားရေး ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၂၉။ ပြန်ကြားရေးဝန်ကြီးဌာနသည် ဗီဒီယိုဆင်ဆာအဖွဲ့ ၊ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ သို့မဟုတ် ပြည်နယ်၊ တိုင်းဗီဒီယိုလုပ်ငန်းစိစစ် ကြီးကြပ်ရေးကော်မတီရ အမိန့်ကို ဖြစ်စေ ၊ ဆုံးဖြတ်ချက် ကိုဖြစ်စေ အတည်ပြုခြင်း ၊ ပယ်ဖျက်ခြင်း ၊ ပြင်ဆင်ပြောင်းလဲခြင်း ၊ ပြန်လည်စိစစ်စေရန် သို့မဟုတ် စစ်ဆေးစေရန် ညွှန်ကြားခြင်းပြုနိုင်သည်။

၃၀။ ပြန်ကြားရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၉)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၁။ မည်သူမဆို အစိုးရဌာန ၊ အစိုးရအဖွဲ့အစည်းမှအပ ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းလုပ်ငန်းကို အစိုးရအဖွဲ့၏ ခွင့်ပြုချက် မရှိဘဲလုပ်ကိုင်လျှင် ထိုသူကို ထောင်ဒဏ် ၅ နှစ် အထိ ချမှတ် ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည် ။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင် သောပစ္စည်းများ ကိုလည်း ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည် ။

၃၂။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကို ထောင် ဒဏ် ၃ နှစ်အထိဖြစ်စေ ၊ ငွေဒဏ် ကျပ် ၁၀၀၀၀၀ အထိဖြစ် စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက် သက်ဆိုင်သောပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာ အဖြစ်သိမ်းဆည်းရမည် –

(က) ဗီဒီယိုလုပ်ငန်းလိုင်စင်မရှိဘဲ စီးပွားရေးအလို့ငှာ ဗီဒီယို လုပ်ငန်းကိုလုပ်ကိုင်ခြင်း ၊

( ခ ) ဤဥပဒေအရ ကင်းလွတ်ခွင့်ပြုသောကိစ္စရပ်မှအပ ဗီဒီယိုဆင်ဆာလက်မှတ်နှင့်ခွင့်ပြုအမှတ်စဉ်ပါရှိ သော ဗီဒီယိုဆင်ဆာလက်မှတ်အသေးမပါရှိသည့် ဗီဒီယို တိပ်ခွေကို ကူးယူခြင်း ၊ ဖြန့်ချိခြင်း ၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း ၊

( ဂ ) ဗီဒီယိုဆင်ဆာအဖွဲ့က ဖြတ်တောက်ရန် ၊ ပြုပြင်ရန် သို့မဟုတ်ဖျက်ရန်ညွှန်ကြားချက်ကို လိုက်နာခြင်း မပြု ဘဲ ဗီဒီယိုတိပ်ခွေကိုကူးယူခြင်း ၊ ဖြန့်ချိခြင်း ၊ ငှားရမ်း ခြင်း သို့မဟုတ် ပြသခြင်း၊

(ဃ) ပြည်ပမှတင်သွင်းလာသော သို့မဟုတ် ယူဆောင် လာသောဗီဒီယိုတိပ်ခွေကို ဗီဒီယိုဆင်ဆာ လက်မှတ် မရှိ ဘဲ အများပြည်သူအားပြသခြင်း ၊

( င ) မိသားစုကြည့်ရှုရန်သာခွင့်ပြုသည့်ပြည်ပမှ တင်သွင်း လာသော သို့မဟုတ် ယူဆောင်လာ သော ဗီဒီယိုတိပ် ခွေကိုအများပြည်သူအားပြသခြင်း ၊

၃၃။ မည်သူမဆိုအောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ ၊ ငွေကျပ် ၁၀၀၀၀၀ အထိဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်–

(က) အစိုးရဌာန ၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ထုတ်လွှင့် သော ရုပ်မြင်သံကြားအစီအစဉ်ကို စီးပွားရေးအလို့ငှာ ကူးယူ၍ ဖြန့်ချိခြင်း ၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း၊

( ခ) ဗီဒီယိုထုတ်လုပ်ခြင်း သို့မဟုတ် ဗီဒီယိုတိပ်ခွေဖြန့် ချိခြင်း ၊ လုပ်ငန်းလိုင်စင်ရရှိသူ၏ ခွင့် ပြုချက်မရရှိဘဲ ဗီဒီယိုဆင်ဆာလက်မှတ်ရရှိပြီးသော ဗီဒီယို တိပ်ခွေကို စီးပွားရေးအလို့ငှာ ကူးယူခြင်း ၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း ။

၃၄။ မည်သည့်ဗီဒီယိုလုပ်ငန်းလိုင်စင်ရရှိသူမဆို မိမိရရှိထားသောဗီဒီယိုလုပ်ငန်းလိုင်စင်အမျိုးအစားမှအပ အခြား ဗီဒီယိုလုပ် ငန်းအမျိုးအစားကိုလုပ်ကိုင်လျှင် ထိုသူကိုထောင်ဒဏ် ၁ နှစ် အထိဖြစ်စေ ၊ ငွေဒဏ် ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည် ။ ထို့ပြင် ပြစ်မှုနှင့်တိုက်ရိုက် သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည် ။

၃၅။ မည်သည့်ဗီဒီယိုလုပ်ငန်းလိုင်စင်ရရှိသူမဆို မိမိရရှိထားသောဗီဒီယိုလုပ်ငန်းလိုင်စင်ကို အခြားသူ တစ်ဦးဦးအား လွှဲပြောင်း လုပ်ကိုင်စေလျှင် ထိုသူကိုထောင်ဒဏ် ၆ လ အထိဖြစ်စေ ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ အထိဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ။

၃၆။ မည်သူမဆို ဤဥပဒေအရ ပြန်ကြားရေးဝန်ကြီးဌာနကဖြစ်စေ ၊ ဗီဒီယိုဆင်ဆာအဖွဲ့ကဖြစ်စေ ၊ ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးဗဟိုကော်မတီကဖြစ်စေထုတ်ပြန်ထားသော အမိန့် သို့မဟုတ် ညွှန်ကြားချက်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုထောင် ဒဏ် ၆ လအထိဖြစ်စေ ၊ ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ။

## အခန်း(၁၀)

## အထွေထွေ

၃၇။ (က) နိုင်ငံခြားသံတမန်အဖွဲ့အစည်းကဖြစ်စေ ၊ ကုလသမဂ္ဂ အဖွဲ့အစည်းကဖြစ်စေ ပြည်ပမှ တင်သွင်းလာသော ဗီဒီယိုတိပ်ခွေကို အများပြည်သူအားပြသလိုပါက စိစစ် ကြည့်ရှုရန် ဗီဒီယိုဆင်ဆာအဖွဲ့သို့တင်ပြရမည်။

(ခ) ဗီဒီယိုဆင်ဆာအဖွဲ့သည် ဗီဒီယိုတိပ်ခွေကို ကြည့်ရှုစစ်ဆေး ပြီးနောက်–

(၁) အများပြည်သူအားပြသရန်သင့်ပါက အများပြည်သူ အား ပြသခွင့်ပြုနိုင်သည်။

(၂) အများပြည်သူ အား ပြသရန် မသင့်သောအစိတ်အပိုင်း ကို ဖြတ်တောက်ခြင်း ၊ ဖျက်ခြင်းပြုလုပ်စေ၍ အများ ပြည်သူအားပြသခွင့်ပြုနိုင်သည်။

(၃) သက်ဆိုင်ရာ နိုင်ငံခြားသံတမန်အဖွဲ့အစည်း၏ ဥပစာ အတွင်း၌ဖြစ်စေ ၊ ကုလသမဂ္ဂအဖွဲ့ အစည်း၏ ဥပစာ အတွင်း၌ဖြစ်စေ သီးသန့်ပရိသတ်ကိုသာ ပြသခွင့် ပြု နိုင်သည်။

၃၈။ ဗီဒီယိုဆင်ဆာအဖွဲ့သည်–

(က) အကောက်ခွန်ဦးစီးဌာနက စစ်ဆေးရန်ပေးပို့သည့် ပြည်ပမှ တင်သွင်းလာသော သို့မဟုတ် ယူဆောင်လာသောဗီဒီယိုတိပ်ခွေကို ကြည့်ရှုစစ်ဆေးပြီး အများပြည်သူ အား ပြသရန် သင့်မသင့် သို့မဟုတ် မိသားစုကြည့်ရှုရန် သင့်မသင့် အဆုံး အဖြတ်ပေးနိုင်သည်။

( ခ) ပြည်ပသို့ပေးပို့မည့် သို့မဟုတ် သယ်ဆောင်သွားမည့် ဗီဒီယိုတိပ်ခွေနှင့်စပ်လျဉ်း၍ ခွင့်ပြုရန်သင့်မသင့် သဘော ထားမှတ်ချက်ပေးနိုင်သည်။

၃၉။ အစိုးရဌာန ၊ အစိုးရအဖွဲ့အစည်းကအသုံးပြုသော ဗီဒီယိုတိပ်ခွေသည် ဤဥပဒေအရ ဗီဒီယိုတိပ်ခွေကြည့်ရှုစစ်ဆေးခြင်း အတွက်အခကြေးငွေပေးဆောင်ခြင်းမှကင်းလွတ်ခွင့်ရှိစေရမည်။

၄၀။ ပြန်ကြားရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ အစိုးရဌာန၊ အဖွဲ့အစည်းများအား ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်မှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၄၁။ ဤဥပဒေပုဒ်မ ၃၄ ၊ ပုဒ်မ ၃၅ နှင့် ပုဒ်မ ၃၆ ပါ ပြစ်မှုများကိုမြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ်သတ်မှတ်သည် ။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အောက်ပါကိစ္စရပ်များနှင့်မသက်ဆိုင်စေရ–

(က) မိသားစုနှင့်စပ်လျဉ်းသော ဗီဒီယိုရိုက်ကူးခြင်း ၊ ယင်းရိုက်ကူးချက်ပါရှိသော ဗီဒီယိုတိပ်ခွေကိုအခကြေးငွေမယူဘဲ ငှားရမ်းခြင်းနှင့်ပြသခြင်း။

( ခ) ရုပ်ရှင်ဆင်ဆာလက်မှတ်ရရှိထားသော ရုပ်ရှင်ကားမှ အခကြေးငွေမယူဘဲ ပြသရန်အလို့ငှာ ဗီဒီယိုတိပ်ခွေ ကူးယူခြင်း။

၄၃။ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီနှင့်ဗီဒီယိုဆင် ဆာအဖွဲ့တို့–

(က) ရုံးလုပ်ငန်းများကို မြန်မာ့ရုပ်ရှင်လုပ်ငန်းက ဆောင်ရွက် ပေးရမည်

( ခ) အသုံးစရိတ်များကို မြန်မာ့ရုပ်ရှင်လုပ်ငန်းကျခံရမည်။

၄၄။ ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေ(၁၉၈၅ ခုနှစ် ၊ ပြည်သူ့လွှတ် တော် ဥပဒေအမှတ် ၁၂ ) အရ

(က) ထုတ်ပြန်ခဲ့သော လုပ်ထုံးလုပ်နည်းများ ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့်မဆန့်ကျင်သ၍ ဆက်လက်ကျင့်သုံးနိုင်သည်။

( ခ) လက်ရှိဖွဲ့စည်းထားသည့် ဆင်ဆာအဖွဲ့နှင့် ကော်မတီ တို့သည် ဤဥပဒေအရ ဗီဒီယိုဆင်ဆာအဖွဲ့နှင့် ဗီဒီယို လုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းခြင်း မပြုနိုင်မီ ဤဥပဒေအရ ဖွဲ့စည်းသည်ဟု မှတ်ယူရမည်။

(ဂ) ထုတ်ပေးထားသည့်သက်တမ်းမကုန်ဆုံးသေးသော လိုင်စင်လက်မှတ်နှင့် လုပ်ငန်းရှင်မှတ်ပုံတင်တို့သည် သက်တမ်းကုန်ဆုံးသည့်နေ့အထိ အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

၄၅။ ဤဥပဒေပါပြဋ္ဌာန်းချက်များကိုဆောင်ရွက်နိုင်ရန်–

(က) ပြန်ကြားရေးဝန်ကြီးဌာနသည်လိုအပ်သော နည်းဥပဒေ များ ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့်ထုတ်ပြန်နိုင်သည်။

( ခ) ပြန်ကြားရေးဝန်ကြီးဌာန ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ၊ ဗီဒီယို ဆင်ဆာအဖွဲ့ သို့မဟုတ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ် ရေး ဗဟိုကော်မတီသည် လိုအပ်သောအမိန့် ၊ ညွှန်ကြား ချက်များကို ထုတ်ပြန်နိုင်သည်။

( ဂ) ဆက်သွယ်ရေး ၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန သည် အခန်း(၃) နှင့်စပ်လျဉ်း၍ လိုအပ်သောအမိန့် ညွှန်ကြားချက်များကိုထုတ်ပြန်နိုင်သည်။

၄၆။ ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေ (၁၉၈၅ခုနှစ် ၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် – ၁၂ ) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ( ၁၁/၉၈ )
ရန်ကုန်မြို့၊ ၁၃၆၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်
( ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် )

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ၊ ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေပုဒ်မ ၄၅ ၊ ပုဒ်မခွဲ ( က ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည် ။

## အခန်း ( ၁ )
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ဗီဒီယိုလုပ်ငန်းဆိုင်ရာ နည်းဥပဒေများဟု ခေါ်တွင်စေရမည် ။

၂။ ဤနည်းဥပဒေတွင်ပါရှိသောစကားရပ်များသည် ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေတွင် ပါရှိသည့် အတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည် ။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် –

(က) ဥပဒေ ဆိုသည်မှာ ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေကို ဆိုသည် ။

( ခ ) ပုံစံ ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ပုံစံကို ဆိုသည် ။

## အခန်း ( ၂ )
## ဗီဒီယိုလုပ်ငန်းလိုင်စင်လျှောက်ထားခြင်း

၃။ ဗီဒီယိုလုပ်ငန်းတစ်ခုခုကို စီးပွားရေးအလို့ငှာ လုပ်ကိုင်လိုသူသည် ဗီဒီယိုလုပ်ငန်းလိုင်စင်ရရှိရန် ပုံစံ ( ဗီဒီယို – ၁ ) တွင် အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပြီး လိုအပ်သည့် အထောက်အထား စာရွက်စာတမ်းများ ပူးတွဲ၍ သက်ဆိုင်ရာ ပြည်နယ် / တိုင်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည် ။

၄။ ပြည်နယ်/တိုင်းဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီသည် –

(က) ဗီဒီယိုလုပ်ငန်းလိုင်စင်လျှောက်လွှာပုံစံ ( ဗီဒီယို – ၁ ) လက်ခံရရှိသည့်အခါ မှတ်ပုံတင် စာအုပ် ပုံစံ ( ဗီဒီယို – ၁၄ ) တွင် ရေးသွင်းပြီး အမှုတွဲဖွင့်ရမည် ။

( ခ ) ဗီဒီယိုလုပ်ငန်းလိုင်စင်လျှောက်ထားခြင်းဆိုင်ရာ အမှုတွဲကို စိစစ်တင်ပြရန် ပြည်နယ်/တိုင်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် ( ၃ ) ဦးပါဝင်သော အဖွဲ့ကိုဖြစ်စေ ၊ အဖွဲ့ဝင် ( ၁ ) ဦးနှင့် အခြားသင့်လျော်သည့် နိုင်ငံသား ( ၂ ) ဦး ပါဝင်သော အဖွဲ့ကိုဖြစ်စေ ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည် ။

၅။ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ ( ခ ) အရ တာဝန်ပေးအပ်ခြင်းခံရသောအဖွဲ့သည် ဗီဒီယိုလုပ်ငန်း လိုင်စင်လျှောက်ထားခြင်းဆိုင်ရာ အမှုတွဲကို လက်ခံရရှိသောအခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည် –

(က) ဗီဒီယိုလုပ်ငန်းလိုင်စင်လျှောက်လွှာပါ အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်း

ရှိမရှိ ၊ ပူးတွဲတင်ပြရမည့် အထောက်အထား စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်ခြင်း ရှိမရှိ စိစစ်ရမည် ။

( ခ ) လိုအပ်ပါက ဗီဒီယိုလုပ်ငန်းလိုင်စင်လျှောက်လွှာပါ အချက်အလက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လျှောက်ထားသူအား စစ်ဆေးနိုင်သည် ။

( ဂ ) ဗီဒီယိုလုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုသင့်ကြောင်း သို့မဟုတ် ငြင်းပယ်သင့်ကြောင်း သဘောထားမှတ်ချက် ဖော်ပြလျက် အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုး၍ ပြည်နယ်/တိုင်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီထံသို့ တင်ပြရမည် ။

၆။ ပြည်နယ်/တိုင်းဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီသည် –

(က) ဗီဒီယိုလုပ်ငန်းလိုင်စင်လျှောက်ထားခြင်းဆိုင်ရာ အမှုတွဲပါအချက်အလက်များနှင့် အဖွဲ့၏ သဘောထားမှတ်ချက်များကို ထပ်မံစိစစ်ပြီး သက်ဆိုင်ရာ ဗီဒီယိုလုပ်ငန်းအမျိုးအစား အလိုက် ဗီဒီယိုလုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အဆုံးအဖြတ်ပေးရမည် ။

( ခ ) နည်းဥပဒေခွဲ ( က ) အရ ဆုံးဖြတ်ချက်နှင့်အညီ ဗီဒီယိုလုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုကြောင်းကို ပုံစံ ( ဗီဒီယို – ၂ ) ဖြင့်လည်းကောင်း ၊ ငြင်းပယ်ကြောင်းကို ပုံစံ ( ဗီဒီယို–၃) ဖြင့်လည်းကောင်း သက်ဆိုင်ရာလျှောက်ထားသူထံ အကြောင်းကြားရမည် ။

( ဂ ) ဗီဒီယိုလုပ်ငန်းလိုင်စင်ခွင့်ပြုချက်ရရှိသူထံမှ ဗီဒီယိုလုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ထားသော ဗီဒီယိုလုပ်ငန်းလိုင်စင်ခလက်ခံရရှိလျှင် သက်ဆိုင်ရာ ဗီဒီယိုလုပ်ငန်းလိုင်စင်ကို ပုံစံ ( ဗီဒီယို – ၄ ) ဖြင့် ထုတ်ပေးရမည် ။

၇။ ဗီဒီယိုတိပ်ခွေ ကူးယူခြင်း ၊ ဖြန့်ချိခြင်း ၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်းလုပ်ငန်းလိုင်စင်ရရှိသူသည် ဗီဒီယိုတိပ်ခွေကို စီးပွားရေးအလို့ငှာ ကူးယူခြင်း ၊ ဖြန့်ချိခြင်း ၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်းလုပ်ကိုင်လိုလျှင် သက်ဆိုင်ရာ ဗီဒီယိုတိပ်ခွေ ထုတ်လုပ်ခြင်း သို့မဟုတ် ဖြန့်ချိခြင်း လုပ်ငန်းလိုင်စင်ရရှိသူ၏ ခွင့်ပြုချက် ရရှိမှသာ လုပ်ကိုင်ရမည် ။

၈။ ဗီဒီယိုလုပ်ငန်းလိုင်စင်ရရှိသူသည် ဗီဒီယိုလုပ်ငန်းလိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုလျှင် ဗီဒီယိုလုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ပုံစံ ( ဗီဒီယို – ၅ ) တွင် အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပြီး လိုအပ်သည့် အထောက်အထား စာရွက်စာတမ်းများပူးတွဲ၍ ပြည်နယ်/တိုင်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီသို့ ဗီဒီယိုလုပ်ငန်းလိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ လျှောက်ထားရမည် ။

၉။ ပြည်နယ်/တိုင်းဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီသည် –

(က) ဗီဒီယိုလပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာ ပုံစံ ( ဗီဒီယို – ၅ ) တွင် လက်ခံရရှိသည့်အခါ မှတ်ပုံတင်စာအုပ်ပုံစံ ( ဗီဒီယို – ၁၄ ) တွင် မင်နီဖြင့် ( သက်တမ်းတိုးမြှင့် ) ဟုဖော်ပြရေးသွင်းပြီး အမှုတွဲဖွင့်ရမည် ။

( ခ ) ဗီဒီယိုလုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခြင်းဆိုင်ရာအမှုတွဲပါ အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်း ရှိမရှိ ၊ ပူးတွဲတင်ပြရမည့် အထောက်အထားစာရွက်စာတမ်းများ ပြည့်စုံမှန်ကန်ခြင်း ရှိမရှိ စိစစ်ရမည် ။

( ဂ ) လိုအပ်ပါက ဗီဒီယိုလုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာပါ အချက်အလက်များနှင့်စပ်လျဉ်း၍ စိစစ်တင်ပြရန်အတွက် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်သည် ။

(ဃ) ဗီဒီယိုလုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အဆုံးအဖြတ်ပေးရမည် ။

( င ) နည်းဥပဒေခွဲ (ဃ) အရ ဆုံးဖြတ်ချက်နှင့်အညီ ဗီဒီယိုလုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုကြောင်းကို ပုံစံ ( ဗီဒီယို – ၂ ) ဖြင့်လည်းကောင်း ၊ ငြင်းပယ်ကြောင်းကို ပုံစံ ( ဗီဒီယို – ၃ ) ဖြင့်လည်းကောင်း သက်ဆိုင်ရာလျှောက်ထားသူထံ အကြောင်းကြားရမည် ။

( စ ) ဗီဒီယိုလုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခွင့်ရရှိသူထံမှ ဗီဒီယိုလုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ထားသော သက်တမ်းတိုးမြှင့်ခ လက်ခံရရှိလျှင် ဗီဒီယိုလုပ်ငန်းလိုင်စင်ကို ပုံစံ (ဗီဒီယို – ၄ ) ဖြင့် ထုတ်ပေးရမည် ။

## အခန်း ( ၃ )
## ဗီဒီယိုလုပ်ငန်းလိုင်စင်သက်တမ်း ၊ လိုင်စင်ခ ၊ ရက်လွန်ကြေးနှင့် သက်တမ်းတိုးမြှင့်ခ သတ်မှတ်ခြင်း

၁၀။ ဗီဒီယိုလုပ်ငန်းလိုင်စင်သက်တမ်းသည်အဆိုပါဗီဒီယိုလုပ်ငန်းလိုင်စင်ထုတ်ပေးသည့်နေ့မှစ၍ (၁)နှစ်ဖြစ်သည် ။

၁၁။ ဗီဒီယိုလုပ်ငန်းလိုင်စင်ခသည် အောက်ပါဗီဒီယိုလုပ်ငန်းအမျိုးအစားအလိုက် ယှဉ်တွဲ၍ ဖော်ပြထားသည့်အတိုင်းဖြစ်သည် –

| | | |
|---|---|---|
| (က) ဗီဒီယို ထုတ်လုပ်ခြင်း | ကျပ် | ၁၀၀၀၀ |
| ( ခ ) ဗီဒီယို ရိုက်ကူးခြင်း | ကျပ် | ၃၀၀၀ |
| ( ဂ ) ဗီဒီယိုတိပ်ခွေ တည်းဖြတ်ခြင်း | ကျပ် | ၃၀၀၀ |
| (ဃ) ဗီဒီယိုတိပ်ခွေ ကူးယူခြင်း | ကျပ် | ၃၀၀၀ |
| ( င ) ဗီဒီယိုတိပ်ခွေ ဖြန့်ချိခြင်း | ကျပ် | ၅၀၀၀ |
| ( စ ) ဗီဒီယိုတိပ်ခွေ ငှားရမ်းခြင်း | ကျပ် | ၃၀၀၀ |
| (ဆ) ဗီဒီယို ပြသခြင်း | ကျပ် | ၃၀၀၀ |

၁၂။ ဗီဒီယိုလုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခသည် အောက်ပါဗီဒီယိုလုပ်ငန်းအမျိုးအစားအလိုက် ယှဉ်တွဲဖော်ပြထားသည့်အတိုင်းဖြစ်သည် –

| | | |
|---|---|---|
| (က) ဗီဒီယို ထုတ်လုပ်ခြင်း | ကျပ် | ၅၀၀၀ |
| ( ခ ) ဗီဒီယို ရိုက်ကူးခြင်း | ကျပ် | ၁၅၀၀ |
| ( ဂ ) ဗီဒီယိုတိပ်ခွေ တည်းဖြတ်ခြင်း | ကျပ် | ၁၅၀၀ |
| (ဃ) ဗီဒီယိုတိပ်ခွေ ကူးယူခြင်း | ကျပ် | ၁၅၀၀ |
| ( င ) ဗီဒီယိုတိပ်ခွေ ဖြန့်ချိခြင်း | ကျပ် | ၂၅၀၀ |
| ( စ ) ဗီဒီယိုတိပ်ခွေ ငှားရမ်းခြင်း | ကျပ် | ၁၅၀၀ |
| (ဆ) ဗီဒီယို ပြသခြင်း | ကျပ် | ၁၅၀၀ |

၁၃။ ဗီဒီယိုလုပ်ငန်းလိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက်မှ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားလာလျှင် ပေးဆောင်ရမည့် ရက်လွန်ကြေးမှာ တစ်လလျှင် ကျပ် ၁၀၀၀ နှုန်းဖြစ်သည် ။

၁၄။ ရက်လွန်ကြေးကောက်ခံရာတွင် လ၏အစိတ်အပိုင်းကို တစ်လဟု သတ်မှတ်ရမည် ။

၁၅။ ဗီဒီယိုလုပ်ငန်းလုပ်ကိုင်လိုသူသည် ဗီဒီယိုလုပ်ငန်းလိုင်စင်ရရှိပြီးမှသာ မိမိ၏လုပ်ငန်းကို စတင်လုပ်ကိုင်ခွင့်ရှိသည် ။

## အခန်း ( ၄ )
## ဗီဒီယိုလုပ်ငန်းလိုင်စင်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း

၁၆။ မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဗီဒီယိုလုပ်ငန်းလိုင်စင်ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များကို လိုင်စင်တွင် တစ်ပါတည်း သတ်မှတ်ဖော်ပြရမည် ။

၁၇။ ဗီဒီယိုလုပ်ငန်းလိုင်စင် ရရှိသူသည် ဗီဒီယိုလုပ်ငန်းလိုင်စင်တွင် ဖော်ပြသတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည် ။

၁၈။ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်က ဗီဒီယိုလုပ်ငန်းလိုင်စင်သည် ပျက်ပြယ်သည် –

(က) ဗီဒီယိုလုပ်ငန်း လိုင်စင်သက်တမ်းကုန်ဆုံးခြင်း ။

( ခ ) ဗီဒီယိုလုပ်ငန်း လိုင်စင်ရုပ်သိမ်းခံရခြင်း ။

( ဂ ) ဗီဒီယိုလုပ်ငန်းလိုင်စင် ရရှိသူက လိုင်စင်ပြန်လည်အပ်နှံခြင်း ။

## အခန်း ( ၅ )
## ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၁၉။ ပြန်ကြားရေးဝန်ကြီးဌာနသည် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီကို အဖွဲ့ဝင် ( ၅ ) ဦးမှ ( ၉ ) ဦးအထိ ပါဝင်ဖွဲ့စည်းနိုင်သည် ။ ယင်းတို့အနက်မှ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးရမည်။

၂၀။ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ (၂) နှစ်ဖြစ်သည် ။

၂၁။ အစိုးရဝန်ထမ်းမဟုတ်သော ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီဝင်သည် အဖွဲ့အစည်းအဝေးတက်ရောက်ခြင်းအတွက် ပြန်ကြားရေးဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည် ။

၂၂။ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီသည် ပြည်နယ်/တိုင်းဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း ၊ ပယ်ဖျက်ခြင်း ပြုနိုင်သည် ။

## အခန်း ( ၆ )
## ပြည်နယ်/တိုင်းဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းနှင့် လုပ်ပိုင်ခွင့်များ

၂၃။ ပြန်ကြားရေးဝန်ကြီးဌာနသည် ဗီဒီယိုလုပ်ငန်းများကို စိစစ်ကြီးကြပ်နိုင်ရန် ပြည်နယ်/တိုင်းဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီများကို ဖွဲ့စည်းနိုင်သည် ။ ယင်းသို့ဖွဲ့စည်းရာတွင် –

(က) သက်ဆိုင်ရာအဆင့်ရှိ အစိုးရဌာန ၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များဖြင့် အဖွဲ့ဝင် ( ၅ ) ဦးမှ (၇) ဦးအထိ ပါဝင်ဖွဲ့စည်းနိုင်သည် ။

( ခ ) ပြည်နယ်/တိုင်းဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးရမည် ။

၂၄။ ပြည်နယ်/တိုင်းဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ ( ၂ ) နှစ်ဖြစ်သည် ။

၂၅။ ပြည်နယ်/တိုင်းဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီသည် ခရိုင်သို့မဟုတ် မြို့နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကို လိုအပ်ပါက ဖွဲ့စည်းနိုင်သည် ။ ယင်းသို့ဖွဲ့စည်းရာတွင် –

(က) သက်ဆိုင်ရာအဆင့်ရှိ အစိုးရဌာန ၊ အဖွဲ့စည်းမဟုတ်သော အဖွဲ့အစည်းများ ပုဂ္ဂိုလ်များဖြင့် အဖွဲ့ဝင် ( ၅ ) ဦးမှ (၇) ဦးအထိ ပါဝင်ဖွဲ့စည်းနိုင်သည် ။

( ခ ) သက်ဆိုင်ရာအဆင့်ရှိ ကော်မတီများသည် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးရမည် ။

( ဂ ) သက်ဆိုင်ရာအဆင့်ရှိ ကော်မတီများ၏ သက်တမ်းနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည် ။

## အခန်း ( ၇ )
## ဗီဒီယိုဆင်ဆာအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ပိုင်ခွင့်များ

၂၆။ ပြန်ကြားရေးဝန်ကြီးဌာနသည် ဗီဒီယိုဆင်ဆာအဖွဲ့ကို ဖွဲ့စည်းရာတွင် –

(က) သက်ဆိုင်ရာ အစိုးရဌာန ၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် သင့်လျော်သော နိုင်ငံသားများဖြင့် အဖွဲ့ဝင် ( ၁၁ ) ဦးမှ ( ၁၅ ) ဦးအထိ ပါဝင်ဖွဲ့စည်းနိုင်သည် ။

( ခ ) အဖွဲ့၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးရမည် ။

၂၇။ ဗီဒီယိုဆင်ဆာအဖွဲ့၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ ( ၂ ) နှစ်ဖြစ်သည် ။

၂၈။ အစိုးရဝန်ထမ်းမဟုတ်သော ဗီဒီယိုဆင်ဆာအဖွဲ့ဝင်သည် အဖွဲ့အစည်းအဝေးတက်ရောက်ခြင်းအတွက် ပြန်ကြားရေးဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည် ။

၂၉။ ဗီဒီယိုဆင်ဆာအဖွဲ့သည် ရိုက်ကူးတင်ပြလာသော မြန်မာဗီဒီယိုတိပ်ခွေများကိုလည်းကောင်း ၊ ပြည်ပမှတင်သွင်းလာသော သို့မဟုတ် သယ်ဆောင်လာသော ဗီဒီယိုတိပ်ခွေများကိုလည်းကောင်း အောက်ဖော်ပြပါအချက်များကို အခြေခံ၍ စစ်ဆေးရမည် –

(က) နိုင်ငံတော်၏ မူဝါဒကို ထိခိုက်စေခြင်း ရှိမရှိ ။

( ခ ) ကိုးကွယ်သည့်ဘာသာကို ထိခိုက်စေခြင်း ရှိမရှိ ။

( ဂ ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်ခြင်း ရှိ မရှိ ။

(ဃ) အမျိုးသားယဉ်ကျေးမှုကို ထိခိုက်ပျက်ပြားစေနိုင်ခြင်း ရှိမရှိ ။

( င ) ပြည်သူတို့၏ အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေနိုင်ခြင်း ရှိမရှိ

( စ ) တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ်တည်ငြိမ်ရေးကို ထိခိုက်စေနိုင်ခြင်း ရှိမရှိ ။

(ဆ) ညစ်ညမ်းသော ၊ ရက်စက်ကြမ်းကြုတ်သော ၊ ကာမရာဂကို လှုံ့ဆော်သော် အပြုအမူများ ပါဝင်ခြင်း ရှိမရှိ ။

( ဇ ) ကလေးသူငယ်များ၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကို ထိခိုက်စေနိုင်ခြင်း ရှိမရှိ ။

( ဈ ) ဇာတ်လမ်းသည် ပြည်သူအတွက်လည်းကောင်း ၊ နိုင်ငံတော်အတွက်လည်းကောင်း ၊ အကျိုးပြုနိုင်ခြင်း ၊ အထောက်အကူပြုခြင်း ရှိမရှိ ။

## အခန်း ( ၈ )
## ဗီဒီယိုဆင်ဆာလက်မှတ်လျှောက်ထားခြင်း

၃၀။ ဗီဒီယိုဆင်ဆာလက်မှတ်ရရှိလိုသူသည် ဗီဒီယိုဆင်ဆာလက်မှတ်လျှောက်ထားသည့်အခါ သတ်မှတ်ထားသည့် ဗီဒီယိုဆင်ဆာစစ်ဆေးခကို ဗီဒီယိုဆင်ဆာအဖွဲ့သို့ ပေးသွင်းရမည် ။

၃၁။ ဗီဒီယိုဆင်ဆာလက်မှတ် ရရှိလိုသူသည် ပုံစံ ( ဗီဒီယို – ၆ ) တွင် အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပြီး အောက်ပါတို့နှင့်အတူ ပူးတွဲ၍ ဗီဒီယိုဆင်ဆာအဖွဲ့သို့ လျှောက်ထားရမည် –

(က) ရိုက်ကူးချက် သို့မဟုတ် ကူးယူချက်ပါရှိသော ဗီဒီယိုတိပ်ခွေ ။

( ခ ) ရိုက်ကူးချက် သို့မဟုတ် ကူးယူချက်ပါရှိသော ဗီဒီယိုတိပ်ခွေနှင့် စပ်လျဉ်းသည့် အကြောင်းအရာအကျဉ်းချုပ်နှင့် မူပိုင်ဖြစ်ကြောင်း ဝန်ခံချက် ။

( ဂ ) ဗီဒီယိုဆင်ဆာစစ်ဆေးခပေးသွင်းသည့် ပြေစာမူရင်း ။

၃၂။ အကောက်ခွန်ဦးစီးဌာနသည် ဥပဒေပုဒ်မ ၄၀ အရ ပြန်ကြားရေးဝန်ကြီးဌာနက ကင်းလွတ်ခွင့်ပြုထားသော အစိုးရဌာန ၊ အဖွဲ့အစည်းများနှင့် သက်ဆိုင်ခြင်းမရှိသည့် ပြည်ပမှတင်သွင်းလာသော သို့မဟုတ် သယ်ဆောင်လာသော ဗီဒီယိုတိပ်ခွေကို အများပြည်သူအား ပြသရန် သို့မဟုတ် မိသားစုကြည့်ရှုရန် သင့်မသင့် စိစစ်နိုင်ရန်အတွက် ဗီဒီယိုဆင်ဆာအဖွဲ့သို့ ပေးပို့ရမည် ။

၃၃။ ဗီဒီယိုဆင်ဆာအဖွဲ့သည် နည်းဥပဒေ ၃၂ အရ တင်ပြလာသော ဗီဒီယိုတိပ်ခွေကို ကြည့်ရှုစစ်ဆေးပြီး –

(က) အများပြည်သူအား ပြသရန် သို့မဟုတ် မိသားစုကြည့်ရှုရန် ခွင့်ပြုလျှင် သက်ဆိုင်ရာ ဗီဒီယိုတိပ်ခွေကို အကောက်ခွန်ဦးစီးဌာနသို့ ပြန်လည်ပေးပို့ရမည် ။

( ခ ) အများပြည်သူအား ပြသရန် သို့မဟုတ် မိသားစုကြည့်ရှုရန် ခွင့်မပြုလျှင် သက်ဆိုင်ရာ ဗီဒီယိုတိပ်ခွေကို သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်း ပြုရမည် ။

၃၄။ နည်းဥပဒေ ၃၃ ၊ နည်းဥပဒေခွဲ ( က ) အရ ခွင့်ပြုထားသော ဗီဒီယိုတိပ်ခွေအတွက် ဗီဒီယိုဆင်ဆာလက်မှတ် ရရှိလိုသူသည် ပုံစံ ( ဗီဒီယို – ၆ ) တွင် အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပြီး အောက်ပါတို့နှင့်အတူ ပူးတွဲ၍ ဗီဒီယိုဆင်ဆာအဖွဲ့သို့ လျှောက်ထားရမည် –

(က) ရိုက်ကူးချက်ပါရှိသော ဗီဒီယိုတိပ်ခွေ

( ခ ) ရိုက်ကူးချက်ပါရှိသော ဗီဒီယိုတိပ်ခွေနှင့် စပ်လျဉ်းသည့် အကြောင်းအရာ အကျဉ်းချုပ် ။

( ဂ ) ပြည်ပမှတင်သွင်းသည့် သို့မဟုတ် သယ်ဆောင်လာသည့် ဗီဒီယိုတိပ်ခွေဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာန၏ ထောက်ခံချက် ( မိတ္တူ )

(ဃ) ဗီဒီယိုဆင်ဆာစစ်ဆေးခ ပေးသွင်းသည့် ပြေစာ ( မူရင်း )

၃၅။ ဗီဒီယိုဆင်ဆာအဖွဲ့သည် ဗီဒီယိုဆင်ဆာလက်မှတ်ရရှိရန် လျှောက်ထားလာသော ပုံစံ(ဗီဒီယို –၆) လက်ခံရရှိသည့်အခါ မှတ်ပုံတင်စာအုပ် ပုံစံ ( ဗီဒီယို – ၅ ) တွင်ရေးသွင်းပြီး အမှုတွဲဖွင့်လှစ်ရမည် ။

၃၆။ ဗီဒီယိုဆင်ဆာအဖွဲ့သည် ဗီဒီယိုဆင်ဆာလက်မှတ်ရရှိရန် လျှောက်လွှာနှင့်အတူ တင်ပြလာသော ဗီဒီယိုတိပ်ခွေကို နည်းဥပဒေ ၂၉ တွင် ဖော်ပြထားသည့် အချက်များကို အခြေခံ၍ ကြည့်ရှုစစ်ဆေးပြီး –

(က) အများပြည်သူအား ပြသရန် သို့မဟုတ် မိသားစုကြည့်ရှုရန် ခွင့်ပြုလျှင် ပုံစံ ( ဗီဒီယို – ၇ ) ဖြင့် ဗီဒီယိုဆင်ဆာလက်မှတ် လျှောက်ထားသူထံ အကြောင်းကြားရမည် ။

( ခ ) အများပြည်သူအား ပြသရန် သို့မဟုတ် မိသားစုကြည့်ရှုရန် မသင့်သော ဗီဒီယိုတိပ်ခွေတွင် ပါရှိသည့် အစိတ်အပိုင်းကို ဖြတ်တောက်ခြင်း ၊ ဖျက်ခြင်းပြုလုပ်ပြီး ပြသရန် ခွင့်ပြုလျှင်

ပုံစံ ( ဗီဒီယို – ၇ ) ဖြင့် ဗီဒီယိုဆင်ဆာလက်မှတ် လျှောက်ထားသူထံ အကြောင်းကြား ရမည် ။

( ဂ ) အများပြည်သူအား ပြသရန် ငြင်းပယ်လျှင် ပုံစံ ( ဗီဒီယို – ၇ ) ဖြင့် ဗီဒီယိုဆင်ဆာလက်မှတ် လျှောက်ထားသူထံ အကြောင်းကြားရမည် ။

(ဃ) အများပြည်သူအား ပြသရန် သို့မဟုတ် မိသားစုကြည့်ရှုရန် မသင့်သော ဗီဒီယိုတိပ်ခွေတွင် ပါရှိသည့် အစိတ်အပိုင်းကို ပြုပြင်ခြင်း ပြုလုပ်ပြီးမှသာ ခွင့်ပြုမည်ဟု ပုံစံ ( ဗီဒီယို – ၈ ) ဖြင့် ဗီဒီယိုဆင်ဆာလက်မှတ်လျှောက်ထားသူထံ အကြောင်းကြားရမည် ။

၃၇။ ဗီဒီယိုဆင်ဆာအဖွဲ့သည် နည်းဥပဒေ ၃၆ ၊ နည်းဥပဒေခွဲ (ဃ) အရ ဗီဒီယိုတိပ်ခွေတွင် ပါရှိသည့် အစိတ်အပိုင်းကို ပြုပြင်ပြီးဖြစ်ကြောင်း သက်ဆိုင်ရာ ဗီဒီယိုဆင်ဆာလက်မှတ်လျှောက်ထားသူက ပြန်လည်တင်ပြလာလျှင် ယင်းဗီဒီယိုတိပ်ခွေကို အများပြည်သူအား ပြသရန် သို့မဟုတ် မိသားစုကြည့်ရှုရန် ခွင့်ပြုကြောင်း ပုံစံ ( ဗီဒီယို – ၇ ) ဖြင့် သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းကြားရမည် ။

၃၈။ ဗီဒီယိုဆင်ဆာအဖွဲ့သည် နည်းဥပဒေ ၃၆ ၊ နည်းဥပဒေခွဲ (က ) ၊ နည်းဥပဒေခွဲ ( ခ ) သို့မဟုတ် နည်းဥပဒေ ၃၇ အရ ခွင့်ပြုပြီးဖြစ်သော ဗီဒီယိုတိပ်ခွေနှင့်စပ်လျဉ်း၍ ခွင့်ပြုချက်ရရှိသူထံမှ ဗီဒီယိုဆင်ဆာလက်မှတ် ခလက်ခံရရှိလျှင် ဗီဒီယိုဆင်ဆာလက်မှတ်ကို ပုံစံ ( ဗီဒီယို – ၉ ) ဖြင့် ထုတ်ပေးရမည် ။

၃၉။ ဗီဒီယိုဆင်ဆာအဖွဲ့သည် မိမိချမှတ်သော ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ –

(က) ဗီဒီယိုဆင်ဆာလက်မှတ်လျှောက်ထားသူက မကျေနပ်သဖြင့် အယူခံဝင်ရောက်လျှင် အယူခံတွင် ချမှတ်သည့်အမိန့်အတိုင်း ဆောင်ရွက်ရမည် ။

( ခ ) ဗီဒီယိုဆင်ဆာလက်မှတ်လျှောက်ထားသူက အယူခံမဝင်လျှင် အယူခံကာလကုန်ဆုံးသော အခါ အများပြည်သူအားပြသရန် ခွင့်မပြုသော ဗီဒီယိုတိပ်ခွေကိုဖြစ်စေ ၊ ဖြတ်တောက်ခြင်း၊ ဖျက်ခြင်းပြုလုပ်သော ဗီဒီယိုတိပ်ခွေ အစိတ်အပိုင်းကိုဖြစ်စေ သက်ဆိုင်ရာ လျှောက်ထားသူ အား ပြန်လည်ပေးအပ်ခြင်း မပြုဘဲ သိမ်းဆည်းခြင်း ဖျက်ဆီးခြင်း ပြုနိုင်သည် ။

၄၀။ ဗီဒီယိုဆင်ဆာလက်မှတ်ရရှိသူသည် ဗီဒီယိုဆင်ဆာလက်မှတ်ကို တိပ်ခွေတွင် ထည့်သွင်းရိုက်ကူး ခြင်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည် ။

၄၁။ ဗီဒီယိုဆင်ဆာအဖွဲ့သည် ဗီဒီယိုဆင်ဆာလက်မှတ်ထုတ်ပေးပြီးဖြစ်သော ဗီဒီယိုတိပ်ခွေနှင့်စပ်လျဉ်း၍ ထပ်မံကူးယူသော မိတ္တူဗီဒီယိုခွေများအတွက် သတ်မှတ်ထားသော ဗီဒီယိုဆင်ဆာလက်မှတ်ခပေးသွင်းသူအား ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးများကို ထုတ်ပေးရမည် ။

၄၂။ နည်းဥပဒေ ၄၁ အရ ထုတ်ပေးထားသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးကို မိတ္တူ ဗီဒီယိုတိပ်ခွေ တိုင်းတွင် ကပ်ထားရမည် ။

၄၃။ ဗီဒီယိုဆင်ဆာလက်မှတ်ရရှိသူသည် ဗီဒီယိုဆင်ဆာလက်မှတ်သက်တမ်းကုန်ဆုံးပြီးနောက် ဗီဒီယို တိပ်ခွေကို ဆက်လက်အသုံးပြုလိုလျှင် နည်းဥပဒေ ၄၉ တွင် ဖော်ပြထားသည့် ဗီဒီယိုဆင်ဆာစစ်ဆေးခကို ဗီဒီယို ဆင်ဆာအဖွဲ့သို့ပေးသွင်းပြီး ပုံစံ ( ဗီဒီယို – ၁၀ ) တွင် အချက်အလက်များ ပြည့်စုံမှန်ကန်စွာဖော်ပြ၍ ပြေစာ မူရင်း ပူးတွဲလျက် ဗီဒီယိုဆင်ဆာလက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ဗီဒီယိုဆင်ဆာအဖွဲ့သို့ လျှောက်ထားရမည်။

၄၄။ ဗီဒီယိုဆင်ဆာအဖွဲ့သည် –

(က) ဗီဒီယိုဆင်ဆာလက်မှတ်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားလာသော ပုံစံ ( ဗီဒီယို– ၁၀ ) လက်ခံရရှိသည့်အခါ မှတ်ပုံတင်စာအုပ် ပုံစံ ( ဗီဒီယို –၁၅ ) တွင် မင်နီဖြင့် (သက်တမ်း တိုးမြှင့် ) ဟု ဖော်ပြရေးသွင်းပြီး အမှုတွဲဖွင့်လှစ်ရမည် ။

( ခ ) နည်းဥပဒေခွဲ ( က ) အရ လျှောက်လွှာပုံစံ ( ဗီဒီယို – ၁၀ ) နှင့် အတူ တင်ပြလာသော

ဗီဒီယိုတိပ်ခွေကို ပြန်လည်ကြည့်ရှုစစ်ဆေးနိုင်သည် ။

( ဂ ) သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို ပုံစံ ( ဗီဒီယို – ၁၁ ) ဖြင့် သက်ဆိုင်ရာလျှောက်ထားသူထံ အကြောင်းကြားရမည် ။

(ဃ) ဗီဒီယိုဆင်ဆာလက်မှတ် သက်တမ်းတိုးမြှင့်ခွင့်ရရှိသူထံမှ သက်တမ်းတိုးမြှင့်ခ လက်ခံရရှိလျှင် ဗီဒီယိုဆင်ဆာလက်မှတ်ကို ပုံစံ ( ဗီဒီယို – ၉ ) ဖြင့် ထုတ်ပေးရမည် ။

၄၅။ ဗီဒီယိုဆင်ဆာလက်မှတ် သက်တမ်းတိုးမြှင့်ခွင့်ရရှိသူသည် ဗီဒီယိုဆင်ဆာလက်မှတ်ကို ဗီဒီယိုတိပ်ခွေတွင် ထည့်သွင်းရိုက်ကူးခြင်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည် ။

၄၆။ ဗီဒီယိုတိပ်ခွေတွင် ကပ်ထားသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးပေါ်တွင် ဖော်ပြထားသည့် ဒေသအတွင်းတွင်သာ ယင်းဗီဒီယိုတိပ်ခွေကို စီးပွားရေးအလို့ငှာ ဖြန့်ချိခြင်း ၊ ငှားရမ်းခြင်း ၊ ပြသခြင်း ပြုနိုင်သည် ။

၄၇။ ဗီဒီယိုဆင်ဆာအဖွဲ့သည် –

(က) ဗီဒီယိုဆင်ဆာလက်မှတ်ထုတ်ပေးထားသော မည်သည့်ဗီဒီယိုတိပ်ခွေကိုမဆို လိုအပ်လျှင် ထပ်မံကြည့်ရှုစစ်ဆေးရန် ဆင့်ဆိုနိုင်သည် ။

( ခ ) ပြင်ဆင်ရန် အကြောင်းရှိလျှင်ဖြစ်စေ ၊ ထူးခြားသောအကြောင်းရှိလျှင်ဖြစ်စေ မည်သည့် ဗီဒီယိုဆင်ဆာလက်မှတ်ကိုမဆို ရုပ်သိမ်းနိုင်သည် ။

( ဂ ) လိုအပ်ပါက နည်းဥပဒေခွဲ ( ခ ) အရ ဗီဒီယိုဆင်ဆာလက်မှတ်ရုပ်သိမ်းသည့် ဗီဒီယိုတိပ်ခွေကို သိမ်းဆည်းနိုင်သည် ။

## အခန်း ( ၉ )

## ဗီဒီယိုဆင်ဆာလက်မှတ်သက်တမ်း ၊ စစ်ဆေးခ ၊ ဆင်ဆာလက်မှတ်ခနှင့် သက်တမ်းတိုးမြှင့်ခ သတ်မှတ်ခြင်း

၄၈။ ဗီဒီယိုဆင်ဆာလက်မှတ်သက်တမ်းသည် အဆိုပါဗီဒီယိုဆင်ဆာလက်မှတ်ထုတ်ပေးသည့်နေ့မှစ၍ ဗီဒီယိုဆင်ဆာအဖွဲ့က သတ်မှတ်သော ကာလအတိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အတည်ဖြစ်သည် ။ ယင်းကာလသည် ( ၃ ) နှစ်ထက် မပိုစေရ ။

၄၉။ ဗီဒီယိုဆင်ဆာစစ်ဆေးခသည် အောက်ပါအတိုင်းဖြစ်သည် –

(က) မိသားစုကြည့်ရှုရန်ဖြစ်လျှင် –

(၁) မိနစ် ၆၀ အထိ ဗီဒီယိုတိပ်ခွေ တစ်ခွေအတွက် ကျပ် ၁၀၀

(၂) မိနစ် ၁၂၀ အထိ ဗီဒီယိုတိပ်ခွေ တစ်ခွေအတွက် ကျပ် ၁၅၀

(၃) မိနစ် ၁၈၀ အထိ ဗီဒီယိုတိပ်ခွေ တစ်ခွေအတွက် ကျပ် ၂၀၀

(၄) မိနစ် ၁၈၀ အထက် ဗီဒီယိုတိပ်ခွေ တစ်ခွေအတွက် ကျပ် ၂၅၀

( ခ ) စီးပွားရေးအလို့ငှာ အသုံးပြုရန်ဖြစ်လျှင် –

(၁) မိနစ် ၆၀ အထိ ဗီဒီယိုတိပ်ခွေ တစ်ခွေအတွက် ကျပ် ၄၀၀

(၂) မိနစ် ၁၂၀ အထိ ဗီဒီယိုတိပ်ခွေ တစ်ခွေအတွက် ကျပ် ၅၀၀

(၃) မိနစ် ၁၈၀ အထိ ဗီဒီယိုတိပ်ခွေ တစ်ခွေအတွက် ကျပ် ၆၀၀

(၄) မိနစ် ၁၈၀ အထက် ဗီဒီယိုတိပ်ခွေ တစ်ခွေအတွက် ကျပ် ၁၀၀၀

၅၀။ ဗီဒီယိုဆင်ဆာလက်မှတ်ခသည် တစ်ခုလျှင် ကျပ် ၅၀ ဖြစ်ပြီး ဗီဒီယိုဆင်ဆာလက်မှတ်ခအသေး

သည် တစ်ခုလျှင် ကျပ် ၁၀ ဖြစ်သည် ။

၅၁။ ဗီဒီယိုဆင်ဆာလက်မှတ် သက်တမ်းတိုးမြှင့်လိုသူသည် အောက်ဖော်ပြပါအခကြေးငွေများကို ပေးသွင်းရမည် –

(က) ဗီဒီယိုဆင်ဆာစစ်ဆေးခကို နည်းဥပဒေ ၄၉ တွင် ဖော်ပြထားသည့် အခကြေးငွေများ ။

( ခ ) ဗီဒီယိုဆင်ဆာလက်မှတ်ခနှင့် ဗီဒီယိုဆင်ဆာလက်မှတ်အသေးခတို့ကို နည်းဥပဒေ ၅၀ တွင် ဖော်ပြထားသည့် အခကြေးငွေများ ။

၅၂။ ဗီဒီယိုဆင်ဆာလက်မှတ်သက်တမ်းတိုးမြှင့်ခြင်းသည် တစ်ကြိမ်လျှင် သက်တမ်း ( ၁ ) နှစ်ဖြစ်သည်။

၅၃။ နိုင်ငံခြားသံတမန်အဖွဲ့အစည်းကဖြစ်စေ ၊ ကုလသမဂ္ဂ အဖွဲ့အစည်းကဖြစ်စေ ပြည်ပမှ တင်သွင်းလာသော ဗီဒီယိုတိပ်ခွေကို အများပြည်သူအား ပြသလိုလျှင် ခွင့်ပြုမိန့်ရရှိရန် အောက်ပါတို့နှင့်အတူ ပူးတွဲ၍ ဗီဒီယိုဆင်ဆာအဖွဲ့သို့ လျှောက်ထားရမည် –

(က) ရိုက်ကူးချက် သို့မဟုတ် ကူးယူချက်ပါရှိသော ဗီဒီယိုတိပ်ခွေ ။

( ခ ) ရိုက်ကူးချက် သို့မဟုတ် ကူးယူချက်ပါရှိသော ဗီဒီယိုတိပ်ခွေနှင့်စပ်လျဉ်းသည့် အကြောင်းအရာအကျဉ်းချုပ် ။

၅၄။ ဗီဒီယိုဆင်ဆာအဖွဲ့သည် လျှောက်လွှာနှင့်အတူ တင်ပြလာသော ဗီဒီယိုတိပ်ခွေကို ကြည့်ရှုစစ်ဆေးပြီး –

(က) ပြသရန်ခွင့်ပြုချက် ထုတ်ပေးနိုင်သည် ။

( ခ ) အများပြည်သူအား ပြသရန်မသင့်သော ဗီဒီယိုတိပ်ခွေတွင်ပါရှိသည့် အစိတ်အပိုင်းကို ဖြတ်တောက်ခြင်း ၊ ဖျက်ခြင်းပြုလုပ်ပြီး ပြသရန် ခွင့်ပြုချက် ထုတ်ပေးနိုင်သည် ။

( ဂ ) သက်ဆိုင်ရာ နိုင်ငံခြားသံတမန်အဖွဲ့အစည်း သို့မဟုတ် ကုလသမဂ္ဂအဖွဲ့အစည်း၏ ဥပစာအတွင်း၌ သီးသန့်ပရိသတ်ကို ပြသရန် ခွင့်ပြုနိုင်သည် ။

## အခန်း ( ၁၀ )
## ဗီဒီယိုတိပ်ခွေ ပြည်ပသို့ ပေးပို့ခြင်း ၊ သယ်ဆောင်ခြင်း

၅၅။ ဗီဒီယိုတိပ်ခွေကို ပြည်ပသို့ ပေးပို့ခြင်း ၊ သယ်ဆောင်ခြင်း သို့မဟုတ် စီးပွားရေးအလို့ငှာတင်ပို့ခြင်း ပြုလုပ်လိုသူသည် ထောက်ခံချက်ရရှိရန် လျှောက်ထားသည့်အခါ နည်းဥပဒေ ၄၉ တွင် ဖော်ပြထားသည့် ဗီဒီယိုဆင်ဆာစစ်ဆေးခကို ဗီဒီယိုဆင်ဆာအဖွဲ့သို့ ပေးသွင်းရမည် ။

၅၆။ ဗီဒီယိုတိပ်ခွေကို ပြည်ပသို့ပေးပို့ခြင်း ၊ သယ်ဆောင်ခြင်း သို့မဟုတ် စီးပွားရေးအလို့ငှာ တင်ပို့ခြင်းအတွက် ခွင့်ပြုချက်ရရှိလိုသူသည် ယင်းဗီဒီယိုတိပ်ခွေနှင့် စပ်လျဉ်း၍ ထောက်ခံချက်ရရှိရန် ပုံစံ ( ဗီဒီယို –၁၂) တွင် အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပြီး ဗီဒီယိုဆင်ဆာအဖွဲ့သို့ လျှောက်ထားရမည် ။

၅၇။ ဗီဒီယိုဆင်ဆာအဖွဲ့သည် နည်းဥပဒေ ၅၆ အရ လျှောက်ထားတင်ပြလာသော ဗီဒီယိုတိပ်ခွေကို ကြည့်ရှုစစ်ဆေးပြီး –

(က) ပြည်ပသို့ပေးပို့ရန် သို့မဟုတ် သယ်ဆောင်ရန် ခွင့်ပြုလျှင် ပုံစံ ( ဗီဒီယို – ၁၃ ) ဖြင့် သက်ဆိုင်ရာလျှောက်ထားသူအား ထောက်ခံချက်ထုတ်ပေးရမည် ။

( ခ ) ပြည်ပသို့ စီးပွားရေးအလို့ငှာ တင်ပို့သည့် ဗီဒီယိုတိပ်ခွေတွင် အများပြည်သူအား ပြသရန် မသင့်သော အစိတ်အပိုင်းကို ဖြတ်တောက်ခြင်း ၊ ဖျက်ခြင်းပြုလုပ်ပြီး ပြည်ပသို့တင်ပို့ရန် ခွင့်ပြုလျှင် ပုံစံ ( ဗီဒီယို – ၁၃ ) ဖြင့် သက်ဆိုင်ရာလျှောက်ထားသူအား ထောက်ခံချက်

ထုတ်ပေးရမည် ။

( ဂ ) ပြည်ပသို့ပေးပို့ရန် ၊ သယ်ဆောင်ရန် သို့မဟုတ် စီးပွားရေးအလို့ငှာ တင်ပို့ရန် ခွင့်မပြုလျှင် ပုံစံ ( ဗီဒီယို – ၁၃ ) ဖြင့် သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းကြားရမည် ။

၅၈။ ဗီဒီယိုဆင်ဆာအဖွဲ့သည် နည်းဥပဒေ ၅၇၊ နည်းဥပဒေခွဲ ( ဂ ) အရ ပြည်ပသို့ပေးပို့ရန်၊ သယ်ဆောင်ရန် သို့မဟုတ် စီးပွားရေးအလို့ငှာ တင်ပို့ရန် ခွင့်မပြုသော ဗီဒီယိုတိပ်ခွေကို သက်ဆိုင်ရာလျှောက်ထားသူအား ပြန်လည်ပေးအပ်ခြင်းမပြုဘဲ သိမ်းဆည်းခြင်း ၊ ဖျက်ဆီးခြင်းပြုနိုင်သည် ။

## အခန်း ( ၁၁ )
## အယူခံခြင်း

၅၉။ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီ ၊ ပြည်နယ်/တိုင်းဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ကော်မတီ သို့မဟုတ် ဗီဒီယိုဆင်ဆာအဖွဲ့၏ အမိန့်ကိုဖြစ်စေ ၊ ဆုံးဖြတ်ချက်ကိုဖြစ်စေ မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ပြန်ကြားရေးဝန်ကြီးဌာနသို့ အယူခံနိုင်သည် ။

၆၀။ အယူခံလိုသူသည် အယူခံလွှာကို သက်ဆိုင်ရာ အမိန့်သို့မဟုတ် ဆုံးဖြတ်ချက်မိတ္တူနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနသို့ တင်သွင်းရမည် ။ စာတိုက်မှတစ်ဆင့် မှတ်ပုံတင်၍ ပေးပို့ခြင်းဖြစ်လျှင် ယင်းသို့ မှတ်ပုံတင်သည့်နေ့ကို အယူခံလွှာတင်သွင်းသည့်နေ့အဖြစ် သတ်မှတ်ရမည် ။

၆၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် လက်ခံရရှိသည့်အခါ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည် –

(က) ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ ၊ ပြည်နယ်/တိုင်းဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ သို့မဟုတ် ဗီဒီယိုဆင်ဆာအဖွဲ့၏ အမိန့်ကိုဖြစ်စေ ၊ ဆုံးဖြတ်ချက်ကို ဖြစ်စေ အတည်ပြုခြင်း ၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ။

( ခ ) လိုအပ်ပါက ပြန်လည်စစ်ဆေးရန် ညွှန်ကြားခြင်း ။

၆၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် မိမိ၏ဆုံးဖြတ်ချက်ကို အယူခံသူထံ စာဖြင့် အကြောင်းကြားရမည်။

၆၃။ ပြန်ကြားရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည် ။

## အခန်း ( ၁၂ )
## အထွေထွေ

၆၄။ ဤနည်းဥပဒေများနှင့်အညီ ဗီဒီယိုလုပ်ငန်းလိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားသူသည် ပြည်နယ် /တိုင်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီက ဗီဒီယိုလုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ငြင်းပယ်ကြောင်း အကြောင်းကြားစာ ပုံစံ ( ဗီဒီယို – ၁၁ ) လက်ခံရရှိသည့် အချိန်အထိ ဗီဒီယိုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ရှိသည် ။

၆၅။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဝန်ကြီးအဖွဲ့က ( ၁၆–၁–၈၆ ) ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် ( ၃/၈၆ ) ဖြင့် ထုတ်ပြန်ထားသော ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း များကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည် ။